# ပူးတွဲကြေညာချက် - မြန်မာနိုင်ငံတွင် စစ်တပ်အာဏာသိမ်းခြင်း တစ်နှစ်ပြည့်

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့သည် မြန်မာနိုင်ငံရှိ ပြည်သူများ၏ အသစ်တဖန် ပေါ်ပေါက်လာသော စစ်အာဏာရှင်စနစ်အား ဆန္ဒပြခြင်းနှင့် တော်လှန်တိုက်ခိုက်ခြင်း တစ်နှစ်ပြည့်မြောက်သည့် နေ့ဖြစ်ပါသည်။ အာဏာသိမ်းမှုသည် ရွေးကောက်ခံအစိုးရတစ်ရပ်၏ အစိုးရဖွဲ့အုပ်ချုပ်နိုင်ရေးကို တားဆီးခဲ့သည်။ စစ်တပ်သည် အစိုးရအဖွဲ့ဝင်များကို တရားမဝင် ဖမ်းဆီးထိန်းသိမ်းပြီး ရိုဟင်ဂျာမွတ်ဆလင်သိန်းနှင့်ချီ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးစေခဲ့သည့် ၂၀၁၇ ခုနှစ်က ဖြစ်ရပ်ကို အောက်မေ့သတိရစေသော အစိုးရကျောထောက်နောက်ခံပြု အကြမ်းဖက်အစီအစဉ်ကို စတင်ခဲ့သည်။

စစ်တပ်သည် နိုင်ငံတဝန်း ခုခံတော်လှန်မှုကို ရင်ဆိုင်နေရသည်။ အာဏာသိမ်းပြီး ရက်ပိုင်းအတွင်း စတင်ခဲ့သော စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်ရန်သည့်  အကြမ်းမဖက်လူထုအာဏာဖီဆန်သည့် လှုပ်ရှားမှု (CDM) သည် ဆန္ဒပြခြင်း၊ သပိတ်မှောက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းငြင်းဆန်သော နည်းလမ်းများစွာဖြင့် ကြံကြံခံ ဆက်လက်တည်ရှိနေသည်။ ပြည်သူများ၏ ခုခံစစ်ကြောင့် လက်နက်ကိုင်ပဋိပက္ခများ ဆယ်စုနှစ်များစွာ မရှိခဲ့သော နိုင်ငံ၏အစိတ်အပိုင်းများတွင် တိုက်ပွဲများ ပေါ်ပေါက်လာသည်။

ပေးဆပ်ရမှုသည် အလွန်ပင်ကြီးမားပါသည်။ လူအများအပြား အလုပ်အကိုင်နှင့် အိုးအိမ်များ ဆုံးရှုံးခဲ့ရသည်။ ထောင်နှင့်ချီ၍ ဖမ်းဆီးခံထားရပြီး အရပ်သား ၁၄၉၉ ဦးထက်မနည်း အသက်ဆုံးရှုံးခဲ့ကြောင်း AAPP ၏ အချက်အလက်များအရ သိရသည်။ UNHCR အချက်အလက်များအရ အာဏာသိမ်းပြီးကတည်းက ခန့်မှန်းခြေ လူ ၄၀၆,၀၀၀ ခန့် နေရပ်စွန့်ခွာထွက်ပြေးခဲ့ရပြီး အနည်းဆုံး ၃၂,၀၀၀ ခန့် အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးခဲ့ကြရသည်။

စစ်တပ်အာဏာသိမ်းမှုသည် COVID-19 ကပ်ရောဂါအကျပ်အတည်းကို တိုက်ဖျက်ရန် ကြိုးပမ်းမှုများကို ပိုမိုဆိုးရွားစေခဲ့ပြီး သေဆုံးသူအရေအတွက် မြင့်မားလာစေခဲ့သည်။ စစ်အုပ်ချုပ်ရေးသည် ဗိုင်းရပ်စ်ကို ထိန်းချုပ်ရန် ကြိုးပမ်းမှုများကိုများစွာ ရှုပ်ထွေးခက်ခဲစေပြီး သန်းနှင့်ချီသောပြည်သူများ၏ ကျန်းမာရေးနှင့် ဘေးကင်းရေးကို အန္တရာယ်ဖြစ်စေသည်။

အဆင့်မြင့်ပညာရေးအပေါ် အာဏာသိမ်းမှု၏ အကျိုးဆက်များက အလွန်ဆိုးရွားလှသည်။ ဆယ်စုနှစ်များစွာ စစ်အာဏာရှင်စနစ်ကို အားနည်းစေပီးနောက် မြန်မာနိုင်ငံရှိ တက္ကသိုလ်များနှင့် အင်စတီကျူးများသည် မိမိခြေပေါ် မိမိရပ်တည်နိုင်ရန် စတင်ကြိုးပမ်းနေစဥ် စစ်တပ်က ထပ်မံသိမ်းပိုက်လိုက်ခြင်း

ဖြစ်သည်။ တက္ကသိုလ်များသည် ပိတ်ထားဆဲဖြစ်သည်။ ရပ်ဆိုင်းလိုက်ခြင်းဖြင့် အရည်အသွေးပြည့်ဝသော ပညာရေးကို မျှော်လင့်နေကြသော မြန်မာနိုင်ငံရှိ မျိုးဆက်နောက်တခု၏ မျှော်လင့်ချက်များကို ကွယ်ပျောက်စေခဲ့သည်။ အတိုက်အခံအဖွဲ့များ၊ တက်ကြွလှုပ်ရှားသူများနှင့် ပညာရှင်များသည် အစားထိုးပညာရေးအစီအစဉ်များကို ကြိုးစားအကောင်အထည်ဖော်နေကြသော်လည်းဘဲ တောင်းဆိုချက်များ၏ အနည်းငယ်မျှကိုသာ ဖြည့်ဆည်းပေးနိုင်သည်။

မြန်မာနိုင်ငံနှင့်ဆက်ဆိုင်သော အကြောင်းအရာများကို လုပ်ဆောင်နေကြသော ပညာရှင်များ၊ ကျောင်းသားများနှင့် ကျွမ်းကျင်ဝန်ထမ်းများအနေဖြင့် အာဏာသိမ်းမှု တနှစ်ပြည့်မြောက်သောနေ့တွင် အာဏာသိမ်းမှုနှင့် နိုင်ငံရေးအတိုက်အခံများအပေါ် အကြမ်းဖက် ဖြိုခွင်းခြင်းများကို ရှုတ်ချလိုက်ပါသည်။ နိုင်ငံအများအပြားတွင် မကြာသေးမီက ပြုလုပ်ခဲ့သည့် ထိုးစစ်များအတွင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းများအပါအဝင် လက်နက်မဲ့ အရပ်သားများကို ပစ်မှတ်ထား သတ်ဖြတ်ခြင်းနှင့် ထိခိုက်ဒဏ်ရာရစေခြင်းများကို ကျွန်ုပ်တို့ ရှုတ်ချသည်။

အာဏာရှင်စနစ်ကို တွန်းလှန်နေကြသော မြန်မာနိုင်ငံရှိ မိတ်ဆွေများ၊ အပေါင်းအသင်းများနှင့် သြစတြေးလျ တက္ကသိုလ်အသီးသီးမှ မြန်မာကျောင်းသားဟောင်းများနှင့်အတူ မိမိတို့ တစိတ်တဝမ်းတည်း ရှိနေပါသည်။ စစ်တပ်က နိုင်ငံရေးကနေ ဆုတ်ခွာရန်၊ သတ်ဖြတ်မှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများကို ရပ်တန့်ရန်၊ ကျွန်ုပ်တို့၏ လုပ်ဖော်ကိုက်ဖက် ပါမောက္ခ Sean Turnell အပါအဝင် နိုင်ငံရေး အကျဉ်းသားများအားလုံး လွတ်မြောက်စေရန်နှင့် ပြည်သူများရွေးကောက်ထားသော အစိုးရထံ အာဏာပြန်လည်အပ်နှံရန် တောင်းဆိုနေသူများအားလုံးနှင့်အတူ ကျွန်ုပ်တို့အတူ ရပ်တည်နေပါသည်။

## ဤထုတ်ပြန်ချက်အား အောက်ပါအဖွဲ့အစည်းများက ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်မှာ ပူးတွဲထုတ်ပြန်လိုက်သည်-

Asian Studies Association of Australia, အာရှရေးရာလေ့လာမှုကို ပံ့ပိုးပေးနေသည့် ထိပ်တန်းပညာရပ်ဆိုင်ရာ အသင်းအဖွဲ့

Association of Mainland Southeast Asia Scholars, ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်တို့နှင့်ဆက်ဆိုင်သော သုတေသနများအား မြှင့်တင်ပေးသော ပညာရပ်ဆိုင်ရာအသင်းအဖွဲ့

Australia-Myanmar Constitutional Democracy Project, University of Sydney၊ UNSW၊ ANU နှင့် Western Sydney University တို့မှ ပညာရှင်များ ပူးပေါင်းဆောင်ရွက်သော စီမံကိန်း

Australia Myanmar Institute သည် ဩစတြေးလျနှင့် မြန်မာနိုင်ငံတို့ကြား ရေရှည်တည်တံ့ခိုင်မြဲသော၊ ကဏ္ဍပေါင်းစုံ၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အသုံးချသုတေသနနှင့် မိတ်ဖက်များကို ဖန်တီးရန်နှင့် ခိုင်မာအားကောင်းစေရန် လုပ်ဆောင်နေသော အဖွဲ့

Griffith Asia Institute, Griffith Business School ရှိ နိုင်ငံတကာအသိအမှတ်ပြု သုတေသနစင်တာ

မြန်မာ့ရေးရာသုတေသနဌာန၊ ဩစတြေးလျအမျိုးသားတက္ကသိုလ်